# လေလှိုင်းထဲမှာ ပန်းချီဆွဲကြသူနှစ်ဦး

## (သို့မဟုတ်)

# ဒါရိုက်တာဝင်းဖေ နှင့် ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်

အမျိုးသားရေးတာဝန်တွေကို နေ့မအား ညမအားနဲ့ အသက်ကိုတောင် ပဓာနမထားဘဲနဲ့ ကြိုးပမ်း အားထုတ်နေရင်း တဖက်ကလည်း အဓိပ္ပါယ်ပြည့်ဝပြီးပြောင် မြောက်တဲ့ပန်းချီလက်ရာတွေကို ဖန်တီးနေသူ နူးညံ့တဲ့ နှလုံးသား ပိုင်ရှင် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်။ သူက ခရီးသွားရင်း လမ်းခုလတ်မှာ။

သတင်းဌာနကြီးတခုရဲ့ ဝါရင့်အယ်ဒီတာဟောင်း တဦးလည်းဖြစ်၊ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ ပန်းချီ စတဲ့ စွယ်စုံရ အနုပညာရှင် ဒါရိုက်တာဝင်းဖေ။ သူက ဂျပန်နိုင်ငံက မေခရေဒီယိုရဲ့ စတူဒီယို အခန်းကျဉ်းကျဉ်းလေးထဲမှာ။

နေ့ရက်က ၂၀၀၇ခုနှစ်၊ ဧပြီလ ၂၁ရက်၊ စနေနေ့။ မြန်မာစံတော်ချိန် (၅) နာရီခွဲခန့်လောက်ပေါ့။ သူတို့နှစ်ဦးလေလှိုင်းထဲမှာ ဆုံတွေ့ကြတာ က မဆန်းပေမယ့်လို့ ထူးဆန်းတာကလွန်ခဲ့တဲ့ တနှစ်ခွဲကျော်ကျော်က ဆွေးနွေးလက်စပန်းချီအနုပညာအကြောင်း ပြန်လည်ဆွေး နွေးပြော ဆိုခဲ့ကြတဲ့အကြောင်းအရာ လေးတွေပါ။

အနုပညာသမားတွေဆိုတာ စိတ်ခံစားချက်နဲ့ သူတို့ရဲ့ အနုပညာလက်ရာတွေကို ဖန်တီးတတ်ကြတယ်လို့ သိရှိခဲ့ရဖူးတယ်။ စာ၊ ကဗျာ ဝါသနာပါသူတွေက စာတွေကဗျာတွေရေးဖွဲ့ကြ၊ ဂီတအနုပညာဝါသနာပါသူတွေက တေးသီချင်းတွေ ရေးစပ်သီကုံးကြရွတ်ဆိုကြ။ ပန်းချီအနုပညာဝါသနာပါသူတွေက ပန်းချီကားချပ်တွေကို ခြယ် မှုန်းကြပေါ့။

အဲ... အဲဒီလို စိတ်ခံစားမှုအပေါ်မှာ မူတည်ပြီးတော့ ဖန်တီးရတဲ့ ပန်းချီအနုပညာကို ပန်းချီပညာရှင်နှစ်ဦးက ကင်းဗတ်စ် (Canvas) ပေါ်မှာ၊ စာရွက်ပေါ် မှာတင်မကဘဲ အတွေးအာရုံထဲမှာဖြစ်တည်လာတဲ့ ရုပ်ပုံကားချပ်ကို လေလှိုင်းထဲမှာတင် ရုပ်လုံးကြွအောင် ဖန်တီးပြီး ဖြစ်တည်လာခဲ့တဲ့ စေတနာပန်းချီကားအကြောင်းကို မေခရဲ့ ပရိတ်သတ်အားလုံး မျှဝေခံစားနိုင်စေဖို့ ဖော်ပြလိုက်ရပါတယ်။

**ဦးဝင်းဖေ။** ။ ကိုမင်းကိုနိုင်ရေ ခင်ဗျားအဲဒီတုန်းကစတော့ ခင်ဗျားကထွက်လာကာစ ခင်ဗျားကလည်း ပန်းချီတွေရေး သွေးစက်တွေပါလာတဲ့အခါကျတော့ ခင်ဗျားကခင် ဗျားပြောချင်တာရှိတယ်ဗျ။ အဲဒါကိုဝင်ပြီးတော့ကျွန်တော်ကဆွေးနွေးဖို့လည်းရှိတယ်။ အဲဒီဟာမျိုးခင်ဗျားမှတ်မိသေးလား ?ခင်ဗျားခေါင်းထဲဘာဝင်လာတာလဲ ? ဘာဆွေးနွေးချင် လို့လဲဆိုတာ ပြန်စဉ်းစားပေးပါ။

**ကိုမင်းကိုနိုင်။** ။ ကျွန်တော်ကအဓိကကတော့ ဆရာ ဘယ်လိုပြောရမလဲ အိုင်ဒီယာ ပုံတွေ ကျွန်တော်ဆွဲချင်တာကို ပြောတာပါ။ ကျွန်တော်က ပညာမှမသိတာ ဆရာရဲ့။ ကျွန်တော်ဘာကိုပြောချင်တယ်ဆိုတာ ပရိသတ်ကသိရင်တော်ပြီပေါ့၊ အဲဒါမျိုး ကျွန်တော်က ကျိုးစားကြည့်နေတာဆရာရဲ့။

**ဦး။** ။ ခင်ဗျား ပန်းချီလက်ရာကို ကျွန်တော်ကနည်းနည်းလေးမြင်ဖူးတာ အဲဒီနည်းနည်းလေးမြင်ဖူးတာထဲမှာ ခင်ဗျားအိုင်ဒီယာတွေတော်တော်များများပါပြီးတော့ရေးထား တယ်ဆိုတာ ကျွန်တော်ကသွားတွေ့ရတယ်ဗျ။

**ကို။** ။ ကျနော်လည်းအပေါ်မှာပြန်တွေ့ရတယ်ခင်ဗျ။

**ဦး။** ။ တွေ့တယ်တွေ့တယ်၊ ခင်ဗျားပုံတွေက အင်တာနက် တွေကနေပြီးတော့ လူတော်တော်များများကြည့်ကြရတော့ သိတာပေါ့။

**ကို။** ။ ဟို ဘာလဲ။ ပြူတင်းပေါက်ကနေ ငေးနေတဲ့ပုံလားခင်ဗျ။

**ဦး။** ။ ဒါပေါ့၊ ဒါပေါ့ အဲဒါကြောင့်ပေါ့။

**ကို။** ။ အမှန်ကအဲဒါမပြီးသေးဘူးခင်ဗျ။ ဆွဲတာမှားထားသေးတယ်။

**ဦး။** ။ ဟုတ်တယ်ခင်ဗျားရေးတာမပြီးသေးဘူး၊ ခင်ဗျားစေတနာနဲ့ ရေးတဲ့ပန်းချီကလည်းမပြီးသေးဘူးလေ။ ခင်ဗျားဆေးနဲ့တင်ရေးတာမဟုတ်ဘူး ခင်ဗျား ဒို့ပြင်နည်းတွေ နဲ့လည်း ခင်ဗျားပန်းချီကတော်တော်ရေးတာ။ စေတနာပန်းချီတွေဖြစ်နေတာကို ကျွန်တော်သတိထားမိတယ်၊ ကျွန်တော်က ကျွန်တော်လည်းပန်းချီရေးတယ်၊ နောက်ကျွန်တော် ကကာတွန်းတွေရေးတယ်၊ ရေးတဲ့အခါမှာကာတွန်းတွေရေးတာ ဒို့ပြင်ဟာကြောင့်မဟုတ်ဘူး။ ကျနော်လည်းစေတနာရှိလို့ ရေးတာ ၊ စေတနာတွေရှိနေလို့ပါ။

**ကို။** ။ ဟုတ်ကဲ့ခင်ဗျာ၊နားလည်ပါတယ်၊

**ဦး။** ။ အေးပေါ့၊ ကိုယ့်စေတနာရှိတာကို ဝင်ပြီးတော့ ပန်းချီရေးတာပဲ။ ဒီပန်းချီကတဆင့် လူတွေကို ပန်းချီကားလိုသဘောထားပြီး တိုင်းပြည်ကိုလည်း ပန်းချီကားလိုသ ဘောထားပြီးတော့ ကိုယ့်အရောင်တွေကိုယ်ဝင်ခြယ်တာဗျ။ ခင်ဗျား လည်းခင်ဗျားစေတနာအရောင်ဝင်ခြယ်တာပဲ။ (**ကို။** ။ ဟုတ်ကဲ့ ခင်ဗျာ၊ ကောင်းတယ် ဆရာ့ရဲ့အိုင်ဒီယာကို ကြိုက်တယ်ဗျာ) ကျနော်က ဒီလိုသဘောပေါက်တယ်။ ကမ္ဘာမှာ တင်ပြတဲ့အဲဒီလိုဟာမျိုးကိုကျနော်က တွေ့ခဲ့ဘူးတာ။ ကျနော်တို့စေတနာတွေကိုဝင်ပြီးတော့ခြယ်တာ။ ဗိုလ် ချုပ်အောင်ဆန်းကို လည်းလူတွေကို ကြုံရင်ကျနော်က အဲဒီလိုပြောတာ။ သူရေးချင်တဲ့ ပန်းချီကား ကြီးကတယ်ကြီးတာပဲလို့။ သူခြယ်ချင်တဲ့အရောင်တွေရော သူလုပ်တဲ့ စေ တနာစုတ်ချက်တွေကလည်းတယ်ကြီးတာပဲလို့ ကျနော်ကတင်စားပြီးပြောဘူးတယ်ဗျ။ အဲဒီတော့ ခင်ဗျားက ကိုယ်တိုင်ကို ပန်းချီရေးတာ ။ အဲဒီတုန်းက ခင်ဗျားပြောချင်တဲ့ စကားလေးကျနော်က နားမထောင်လိုက်ရဘူး။ ကျနော်က ပျာယာခတ်နေတဲ့ အချိန်။

**ကို။** ။ ဖုန်းကပြတ်သွားတာကိုးဆရာရဲ့။ အခုလည်းဘယ်အချိန်ပြတ်သွားမလဲလို့ အသည်းတယားယားဖြစ်နေတာ

**ဦး။** ။ အေး ရသလောက်ပေါ့ဗျာ။

**ကို။** ။ ဟုတ်ကဲ့။ အခုဟာလည်းကျနော် နည်းနည်းပြောမယ်။ အထဲမှာ ကတည်းက ကျနော်စိတ်ကူးခဲ့တာ။ အထူးသဖြင့်က သိပ်ကြီးကြီးကျယ်ကျယ်မဟုတ်ဘူးဆရာရဲ့။ တကိုယ်ရည် ဖြစ်သွားတော့ အထီးကျန်သမားတစ်ယောက်ရဲ့ အတွေးတွေကို ပြန်ပြီးတော့ ပြောပြချင်တာပါပဲ။ အဓိကကတော့ အဲဒါပါပဲဆရာရယ်။ (**ဦး။** ။ ကောင်းတယ်ဗျာ။ ကောင်းတယ်) ဘာဖြစ်လို့လဲဆိုတော့ ကျနော်က ကြောင်တွေနဲ့ပဲ နေရတာဆရာရဲ့ ။ လူတွေနဲ့မနေရတော့ ကြောင်ကလည်း ကျနော်က အနေအစားဆင်းရဲတော့ ကြောင် တွေကလည်းပိန်တာပေ့ါဆရာရယ်။ ပိန်ကပ်ကပ်လေးဖြစ်နေတာ။ အဲဒီတော့ ကျနော်က ပန်းချီဆွဲချင်တာ ဘယ်လိုလဲဆိုတော့ ပန်းချီကားထဲမှာက ကလေးတစ်ယောက်က သူ့ ကြောင်ကို ပုံတူဆွဲမယ်ပေ့ါ။ အဲဒီမှာ ကြောင်ကလေးက ပိန်ပိန်ကလေးပေ့ါ ၊ သူ့ပန်းချီထဲမှာ ကြောင်ကိုမဟားဒယားကြီး ဝတိုနေအောင်ဆွဲထားမယ်ပေ့ါ။ အဲဒီထဲမှာ ကြောင်အစာ ခွက်ထဲမှာလည်း ငါးတွေ ကြက်ကြော်တွေ ထည့် ဆွဲမယ်ပေ့ါ။ ဝင်ထိုင်ပေးနေရတဲ့ ကြောင်ကလေးကတော့ ပိန်ပြီး သူ့ပန်းကန်ထဲမှာ ထမင်းလုံးကလေး လေးငါးခြောက်စေ့ပဲရှိ မယ်ပေ့ါ။ အဲဒါအထဲကနေ ကျနော်ဆွဲချင်တဲ့ပန်းချီကား သူ့စေတနာ ဆိုတဲ့ပန်းချီကား အဲဒါကိုကျနော်ဆွဲနေတာ အခုဟာတစ်ဝက်လောက်ပဲရောက်သေးတယ်၊ ကျနော့်မှာ လည်းလုပ်စရာတွေက များနေတော့ဆရာရယ် ၊အဲဒါမျိုးတွေပေ့ါ ။

**ဦး။** ။ဟုတ်တယ်။ အဲဒီတော့ကာ ကျနော်ကပြောချင်တာက ခင်ဗျားကနည်းအမျိုးမျိုးနဲ့ပေ့ါဗျာ။ ခင်ဗျားစေတနာတွေကို ဖေါ်ထုတ်ပြီးတော့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးလာ ပြီးတော့ Body Language နဲ့ပဲဖြစ်ဖြစ်ပေ့ါ စေတနာတွေကို ထုတ်ပြောတဲ့နည်းအများကြီးရှိတယ်၊ အဲဒီတော့ ပန်းချီကိုလည်း ဆက်ရေးပါ။ ခင်ဗျားပန်းချီကားတွေကို ပန်းချီရဲ့ အလှတင်မကပဲနဲ့ စေတနာရဲ့ အလှကိုပါ နားလည်နိုင်တဲ့လူတွေ စောင့်နေတဲ့လူတွေ ကြည့်နေတဲ့လူတွေအများကြီးရှိပါတယ်၊ ကျနော်အဲဒါတိုက်တွန်းချင်တာပါ။ အဲဒီတော့ ခင်ဗျားအချိန်ရရင် ရသလောက်ဆွဲစမ်းပါ။ ခင်ဗျားက စေတနာတွေကို ဆွဲနိုင်တဲ့လူ။

**ကို။** ။ ဘယ်လိုလုပ်ရမှာလဲ ကျနော်မလုပ်တတ်ဘူးဆရာရဲ့ ဆွဲတာကတော့ဟုတ်ပြီ

**ဦး။** ။ အခုနကပဲပြောပြီးပြီ ကြောင်ပုံကို လုပ်စမ်းပါ အဲဒီကြောင်ပုံကို ဖြစ်အောင်ဆွဲပါ၊ မြန်မြန်။

**ကို။** ။ နောက်တစ်ခု ကျနော်ပြောထားတာဆရာရဲ့၊ မသိရသေးဘူး။ တိမ်ရောင်စုံတွေ မြောနေတဲ့အောက်မှာ မြက်ရိုင်းတောကြီးကလေတွေ တဟူးဟူးတိုက်လို့ (ဦး ။ အမလေး) အဲဒီမှာ မောင်နှစ်မနှစ်ယောက်က ပရိသတ်ကို ကျောပေးထားတာ ဆရာရဲ့ လွတ်လွတ်လပ်လပ်ပေါ့။ တိမ်ရောင်စုံကောင်းကင်နဲ့ ကွင်းကြီးမျက်စိတစ်ဆုံး ကွင်းကြီးပေါ့ သူတို့နှစ်ယောက်ငေးကြည့်နေကြတာ၊ ကလေးမလေးက ဂါဝန်လေးလွင့်နေပြီးတော့ သူ့ဦးထုပ်ကလေး လေတိုက်လို့လွင့်မှာ စိုးလို့လက်နဲ့တောင်ဖိထားရတယ်ဆရာရဲ့။ အခုအထိ ကျနော်ပြောတာလူတွေတော်တော်ခံစားရတယ်၊ သဘောကျကြတယ်ဗျ။ ကောင်းတယ်ပေါ့ဗျာ။ ကျနော်မြင်ချင်တဲ့မြင်ကွင်းပါ အမှန်တကယ်ကတော့ နံရံလေးဖက်ပိတ်ထားပြီး တော့ ကျဉ်းကျဉ်းကလေးထဲပိတ်ထားတော့ အမှန်တော့မျက်စိတစ်ဆုံး မိုးကုတ်စက်ဝိုင်းကိုကြည့်ချင်တဲ့ဆန္ဒပဲပေါ့ဆရာရဲ့ ။ အဲဒါပါပဲ အဓိကကတော့။

**ဦး။** ။ အခုကိုဗျာ၊ ပါးစပ်နဲ့ပန်းချီကို တော်တော်ကောင်းနေပြီ။ အဲဒီတော့ ခင်ဗျားလက်တွေ့ပန်းချီလုပ်စမ်းပါ။ ကြည့်ချင်ကြတယ်၊ ကျနော်ကတော့ အဲဒီလိုတိုက်တွန်းချင်တယ်၊ ကျနော်လည်း ကြိုးစားပြီးဆွဲနေပါတယ်၊

**ကို။** ။ ဟုတ်ကဲ့ဆရာ။ ဟုတ်ကဲ့၊ အရေးကြီးတာ အဲဒါလူက သေမှာ အနုပညာကကျန်မှာဆရာရဲ့။ ဒါပဲဆရာ ကျနော်ပြောချင်တာကတော့။

**ဦး။** ။ ဟုတ်တယ်။ ကဲ လုပ်ခင်ဗျားကလည်း ခရီးသွားနေတာ။ ခင်ဗျားက အလွန်မင်္ဂလာရှိတယ်၊ ဒါမင်္ဂလာတရားလို့ခေါ်တာ ။ အဲဒီလို ကိုယ့်အနေအထားကိုယ်သုံးသပ်ပြီးတော့ သင့်တင့်လျောက်ပတ်စွာနေတယ်ထိုင်တယ်ပြောမယ် ဆိုရင်ဆိုမယ်။ အဲဒီစိတ်ကူးကလေးကို ဆရာစွမ်းက ချီးကျူးသွားတာ။ ကျနော်ကဘေးကနေ သိပ်သဘောကျနေတာ။ ကောင်းပါတယ်ဗျာ။ ပန်းချီဆိုတာဆေးနဲ့ ကင်းပတ်ပေါ်မှာရေးမှ မဟုတ်ပါဘူး။ ခင်ဗျားအခု ပါးစပ်နဲ့လည်းရေးတယ်၊ ဒီ့ပြင်နည်းတွေနဲ့လည်းရေးတယ်၊ ကျနော်တို့ကသဘောပေါက်ပါတယ်။

**ကို။** ။ ဟုတ်ကဲ့ ဆရာ။ ကျနော်ပြောဖူးတယ်ဆရာ ၊ ကျနော် အထဲမှာ နံရံမှာ အပင်ပန်းခံရေးပြီးတော့ သူတို့က လာလာဖျက်တဲ့ဒဏ်တွေ ကျနော်တော်တော်ခံခဲ့ရပါတယ်။ နောက်ဆုံးဖြစ်ပျက်နဲ့ပဲ ရှုရတယ်။ တော်တော်ခံစားရတယ်ဆရာ။ ဘာဖြစ်လို့လဲဆိုတော့ အကြာကြီးတည်ဆောက်ထားရတာ။ တစ်ချက်လေးထုံးလာသုတ်သွားတာလေ ဆရာရဲ့။ ကိုယ်ကတည်ဆောက်နေရင်းနဲ့ ပြီးရင်လာဖျက်မှာပဲဆိုတဲ့အသိအဲဒါကြီးက ခါးလိုက်တာဆရာရယ်။ ဒါပေမယ့်ဘာဖြစ်သွားသလဲဆိုတော့ ခံနိုင်ရည်တစ်ခုတော့ရသွားတာပေါ့။ အဲဒီအခါးကို ကျနော်ကျော်ဖြတ်လို့ရသွားတာပေါ့။ ကိုယ်မပိုင်တဲ့နေရာမှာ ဆွဲရတဲ့ဘဝလေ ဆရာရဲ့ ကိုယ်က ဆွဲကလည်းဆွဲချင်တယ်၊ သိတဲ့အတိုင်းပေါ့။ ရေညှိလေးနဲ့ အုတ်နီခဲလေးသွေးပြီတော့ ဆွဲရတာ ပြီးပြီ စိတ်တိုင်းကျပြီဆိုရင် သူကထုံးပုံးကလေးနဲ့ဝင်လာတာ။ အဲဒါဆရာစဉ်းစားကြည့်။

**ဦး။** ။ ဟုတ်ပြီအဲဒီတော့ ခင်ဗျားကလည်းသာမည အတွေးအခေါ်နဲ့မဟုတ်တော့ အဲဒီထုံးပုံးနဲ့လောင်းထားတဲ့အုတ်နံရံ ကြီးထဲကအပြင်ထွက်လာတယ်ဗျာ။ ကျုပ်လည်းမြင်ရတယ်ဗျာ။ နောက်ဒီ့ပြင်လူတွေလည်းမြင်ရမယ်ဗျာ။ အခုခင်ဗျားသေချာတယ်ဗျာ။ ကျုပ်တို့အဲဒီပန်းချီကားကြီးဆက်ပြီးတင်မယ်ဗျာ။ တကမ္ဘာလုံးကမြင်ရအောင် အဲဒါပဲ။ အရေးကြီးတာ ကျနော်တို့ဆက်တင်သွားမယ်အဲဒီပန်းချီကားကြီးကို နော်။

**ကို။** ။ နောက်ဆုံးကျနော် စိတ်ကူးကလေးရတာ တစ်ခုပြောမလို့ ၊ ဒီအရေးတော်ပုံကြီးကို ကျနော်တို့က ပန်းချီကားကြီးတစ်ချပ်အနေနဲ့တင်စားမယ်ဆိုရင် စုတ်ချက်တွေအများကြီးတင်မယ် ဆေးတွေအများကြီးတင်မယ်။ ကျနော်က ဘာအနေနဲ့ အပြီးသတ်ပျောက်သွားချင်သလဲဆိုတော့။ ဟိုလက်နှိုးစုတ်ထဲက ဆရာတို့ကတော့ဘာခေါ်မလဲဆရာ။ ပန်းချီမှာဆရာ။

**ဦး။** ။ ခင်ဗျားပြောတဲ့ဟာပါပဲ။ လက်နှိုးစုတ်ပါပဲ။ (ရယ်သံ) စုတ်ကိုသုတ်တဲ့ဟာ လက်နှိုးစုတ်အပြင်ကျနော်တို့လည်း ဘာမှမတတ်နိုင်ဘူး၊

**ကို။** ။ ကိစ္စမရှိဘူးဆရာ။ လက်နှိုးစုတ်လဲ သူ့အခန်းကဏ္ဍက သူပါဝင်ခဲ့တာပါပဲ။

**ဦး။** ။ ဒါပေါ့။ လက်နှိုးစုတ်ဖြစ်ရဘို့ ဘယ်လွယ်လိမ့်မလဲ။

**ကို။** ။ ကျနော်က ပန်းချီလက်နှိုးပေါ့ဆရာရယ်။ ဒီအရေးတော်ပုံအောင်မြင်သွားရင် ဒီပန်းချီကားကြီးဟာပြခန်းမှာ ချိတ်ပေါ့။ ကျနော်တို့က ဖြစ်တဲ့ဒဏ်တွေအကုန်လုံးစုခံခဲ့တာပေါ့။ မကောင်းဘူးလားဆရာ။ ဘာပဲဖြစ်ဖြစ် ပန်းချီလက်နှိုး ဆိုရင်လည်းမဆိုးဘူးပေါ့ဆရာရယ်၊

**ဦး။** ။ အဲဒီလိုရောင့်ရဲတဲ့ ကိုယ့်ကိုကိုယ်နှိမ့်ချတဲ့ မင်္ဂလာတရား နဲ့လည်းကျင့်သုံးနိုင်ပါစေ၊ အဲဒီလို နှိမ့်ချတဲ့အတွက်ကို ခင်ဗျားအများကြီးအောင်မြင်အုံးမှာဗျ။

**ကို။** ။ ဟုတ်ကဲ့ဆရာ။ ဟုတ်ကဲ့ ဟုတ်ကဲ့။